# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## တတိယနေ့အစီအစဉ်

[ ၂၇-၇-၂၀၁၆ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ ဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းများမှ စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်း အခြေအနေ နှင့် စွန့်ပစ်ရေများကို ပိုးသတ်ခြင်း(**Waste Water Treatment**) ပြုလုပ်ရန် အဓိကတာဝန်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၏ ကသာခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကုသရေးအဆောင်(၁) ဆောင်နှင့် အထူးကုဆရာဝန်များနေထိုင်ရန် (၄)ခန်းတွဲ (၂)ထပ်ဆောင် (၂)ဆောင် ဆောက်လုပ်ပေးခြင်း၊ မေ့ဆေးအထူးကုဆရာဝန် တစ်ဦး ခန့်ထားပေးခြင်း၊ ဝက်တူးကျေးရွာ တိုက်နယ်ဆေးရုံအတွက် အခြားဝန်ထမ်းများ ခန့်ထားပေးခြင်း၊

ကျောက်ထုံးကြီးကျေးရွာ တိုက်နယ်ဆေးရုံ ဆောက်လုပ်ရေး အပြီးသတ်နိုင်ရန် ဖြည့်စွက်ရန်ပုံငွေမှ ကျပ်(၄၅)သန်းခွင့်ပြုပေးခြင်း တို့ကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်ငွေး၊ လေရှီး မဲဆန္ဒနယ်၏ လေရှီးမြို့နယ်အတွင်းရှိ လေယုံ၊ ငကျန်၊ ဂျီလာ၊ ရန်ပိုမိုနွေး၊ မော်နွမ်း၊ ထဝိုင်၊ နမိယူပီ၊ ဆပ်ပြာ၊ ချယ်ရာ၊ ခိုလာ၊ ဝမ်းဘဲနှင့် မိုဒွန်ရွာမကျေးရွာများတွင် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆေးပေးခန်း အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ လှိုင်ကော်မြို့နယ်၊ လောပိတကျေးရွာ (၁၆) ခုတင်ဆံ့ ဆေးရုံသစ်ကို ဖွဲ့စည်းပုံ အသစ်ဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ မင်းတုန်းမြို့နယ်အတွင်းရှိ မြို့နယ်ကုသရေးဆေးရုံကြီးနှင့် တိုက်နယ်ဆေးရုံများ ဖြစ်ကြသော မြောက်ပြင်တိုက်နယ်ဆေးရုံ၊ ကျောက်တိုင် တိုက်နယ်ဆေးရုံများတွင် လစ်လပ်နေသော ဆရာဝန်များကို ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်က တင်သွင်းသည့် "ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုအား ထိရောက်လုံလောက်စွာပေးနိုင်ရန် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း–

(က) ဒေါက်တာစိုင်းမောက်ခမ်း၊ လားရှိုး မဲဆန္ဒနယ်၊

(ခ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

(ဃ) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။